# The Society of Jesus (SJ) (ယေဇူးအသင်း)

#JesuitsMyanmar

The Society of Jesus (ယေဇူးအသင်း) ကို စိန့်အစ်ဂနေးရှပ်စ်ရဲ့ ဦးဆောင်မှုအောက်၌ စိန့်ဖရန်းစစ်ဇေးဗီးယားနှင့် စိန့်ပီတာဖေးဗာတို့ အပါအဝင် အပေါင်းအဖော် ၁၀ ဦးတို့က တည်ထောင်ထားခဲ့ကြခြင်းဖြစ်ပြီး ရောမမြို့မှာ ပုပ်ပေါလ် (တတိယမြောက်)က ၂၇.၀၉.၁၅၄၀ ရက်စွဲနှင့် စာရေးထုတ်ပြန်ကာ သစ္စာဖြင့်ဆက်ကပ်သူများအသင်းကြီး တစ်ခုအဖြစ် တရားဝင် အသိအမှတ်ပြုပေးခဲ့ပါသည်။ ယေဇူးအသင်းသားများကို “ဂျက်ဇွစ်” ဟူ၍ လူသိများကြပြီး ယခုအချိန်၌ အသင်းသားဦးရေ စုစုပေါင်း ၁၇၀၀၀ ဝန်းကျင်တို့သည် နိုင်ငံပေါင်း ၁၁၂ နိုင်ငံတို့မှာ ဘုရားအမှုတော်ကိုယ်စီ ထမ်းဆောင်နေကြပါသည်။ စတင်တည်ထောင်ချိန်ကတည်းက ဝိညာဉ်ရေး၊ ပညာသင်ကြားရေး၊ သာသနာတွင်းအမှုတော်များနှင့် လူမှုတရားမျှတရေး တာဝန်တွေမှာ ပါဝင်လုပ်ဆောင်ခဲ့ကြပြီး စွန့်စားသာသနာပြုခဲ့ကြကာ ယခုအချိန်မှာ သူတော်စင် ရဟန္တာနှင့် သန့်ရှင်းသူများအဖြစ် အသိအမှတ်ပြုခံရတဲ့ ဂျက်ဇွစ်ဦးရေ စုစုပေါင်း ၃၀၀ ကျော်ရှိပါသည်။ “လူအပေါင်းတို့၏ကယ်တင်ခြင်းနှင့် ဘုရား၏ဘုန်းဂုဏ်တော် ပိုမိုတိုးတက်စေရန်” ဟူသည့် အသင်း၏ ဆောင်ပုဒ်နှင့်အညီ ပုပ်ရဟန်းမင်းကြီး၏ လမ်းညွှန်မှုအောက်တွင် တာဝန်မျိုးစုံတို့ကို ကြိုးစားလုပ်ဆောင်နေကြပါသည်။ စတင်တည်ထောင်သည့်အခါချိန်ကတည်းက ယခုအချိန်အထိ အသင်း၏ ရုံးချုပ်သည် ရောမမြို့တွင် တည်ရှိပြီး အသင်းတစ်ခုလုံး၏ လက်ရှိ အကြီးအကဲမှာ ဗင်နီဇွဲလား နိုင်ငံသား ဖာသာရ် အာရ်တူးရို ဆိုးဆာဖြစ်ပါသည်။

ရန်ကုန်မြို့ရှိ ကက်သလစ်ရဟန်းဖြစ်တက္ကသိုလ် စတင်တည်ထောင်ချိန်တွင် စာသင်လမ်းညွှန်ပေးခဲ့ကြသူများမှာ အမေရိကန်နိုင်ငံမှ ဂျက်ဇွစ်သာသနာပြုများဖြစ်ခဲ့ကြပြီး ၁၉၆၀ နောက်ပိုင်း စာသင်ကျောင်းများအားလုံး နိုင်ငံပိုင်အဖြစ် သိမ်းဆည်းခံခဲ့ကြရချိန်တွင် ထိုဂျက်ဇွစ်များသည်လည်း နိုင်ငံအတွင်းမှ နှင်ထုတ်ခြင်း ခံခဲ့ကြရပါသည်။ ထိုအချိန် ရဟန်းဖြစ်တက္ကသိုလ်တွင် စာသင်ယူနေခဲ့ကြသူ ဆရာတော် ဆိုတေးရိုဖားမော(ငြိမ်း)၊ ဆရာတော် မာတီးယာဦးရွှေ (ငြိမ်း)နှင့် ဆရာတော် ပေါလ်ဂရောင်(ကွယ်လွန်) တို့၏ ဖိတ်ကြားမှုဖြင့် ၁၉၉၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံမှ ဂျက်ဇွစ်သာသနာပြုများ ရောက်ရှိလာကြပြီး ၁၉၉၉ ခုနှစ်၌ ဂျက်ဇွစ်နော်ဗီးရှိတ် (၂) နှစ်တာ အစပြုလေ့ကျင့်သင်ယူခြင်းကို စတင်ခဲ့ကြပါသည်။

ယခုအချိန်၌ မြန်မာဂျက်ဇွစ် မစ်ရှင်အတွင်း ဒေသခံ ရဟန်း (၇)ပါးနှင့် တစ်သက်ဘရာသာရ် (၄)ပါး အပါအဝင် အစပြုသူများ၊ ဖီလောဆိုဖီ(ဂျကာတာ)နှင့် သီယောလိုဂျီ(မနီလာ၊ ရောမ)၌ ပညာသင်ယူနေသူများ၊ နိုင်ငံတကာမှ လာရောက်သော ဂျက်ဇွစ်သာသနာပြုများ အားလုံးစုစုပေါင်း ၄၉ ပါးရှိပြီး ရန်ကုန်၊ တောင်ကြီး၊ မြစ်ကြီးနားနှင့် ဗန်းမော်တို့တွင် အမှုတော်အသီးသီး ထမ်းဆောင်နေကြပါသည်။

မြန်မာဒေသခံ ဂျက်ဇွစ်များအတွက် လက်ရှိပြင်ဆင်မှုအဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁ - လေ့လာသူ (၁-၂ နှစ်)

၂ - နော်ဗီးရှိတ် (၂ နှစ်)

၃ - ဘာသာစကား သင်ယူခြင်းနှင့် ဖီလောဆိုဖီ (၄ နှစ်)

၄ - လက်တွေ့တာဝန် ထမ်းဆောင်ခြင်း (၂-၃ နှစ်)

၅ - သီယောလိုဂျီ (၄ နှစ်)။

#မှတ်ချက် - တစ်သက်ဘရာသာရ်များအတွက် ပြင်ဆင်လေ့လာမှုများမှာ နောဗီးရှိတ်ပြီးသည်နှင့် ကွာခြားမှုရှိပြီး ရဟန်းဖြစ်ပြီးသူများအတွက်လည်း ထပ်ဆင့်လေ့လာသင်ယူမှုများရှိပါသည်။

ယေရှုအသင်း အကြောင်းကို လေ့လာလိုပြီး ဂျက်ဇွစ် ဘရာသာရ်၊ ဘုန်းကြီးအနေဖြင့် ဘုရားအမှုတော်အတွက် တစ်သက်တာ ဆက်ကပ်လိုသူများအတွက် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

Fr. Wilbert Mireh SJ # 09782849202 e-mail: wilbertmireh@gmail.com

Fr. Stephen Martay SJ # 09423856531 e-mail: marthayster@gmail.com

#JesuitsMyanmar